# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၃/၂၀၁၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၈)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း(၄)ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း(၄)ခု နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည် ပြုပေးခဲ့သည့်လုပ်ငန်း (၁)ခု ရှိသဖြင့် ယခုအစည်းအဝေးကာလတွင် စုစုပေါင်း လုပ်ငန်း (၁၁) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၀.၃၃၆)သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း (၆,၅၁၀)ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း(၁၀)ခုမှာ စက်မှု ကဏ္ဍ လုပ်ငန်း (၇) ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၂)ခု နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ(၂)ခု တို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၀၆)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄,၅၀၈.၄၅၃)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၅,၃၀၇.၂၀၇)သန်း ဖြစ်ပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၃၆၆.၅၃၀) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၅,၆၇၃.၇၃၇)သန်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂) ခု ခွင့်ပြုခဲ့ပြီး ခွင့်ပြု ခဲ့ပြီး လုပ်ငန်း (၁) ခုကို အတည်ပြုခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၂)ခုနှင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၁) ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၆)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၈၈.၆၀၅) သန်း အပါအဝင် ကျပ် (၁၈၇,၀၀၅.၆၆၁) သန်း ခွင့်ပြု/ အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း(၆၅၁)ခုကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း(၆)ခုမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၁) ခု၊ ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ(၂)ခု နှင့် စက်မှု ကဏ္ဍ (၂)ခု တို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၀၁)ခု၊ အမေရိကန် ဒေါ်လာ (၉၆၀.၅၉၄)သန်း အပါအဝင် ကျပ်(၃,၂၆၂,၅၆၉.၈၃၈) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၀၈၇.၅၀၁) သန်း အပါအဝင် ကျပ်(၃,၆၃၂,၂၄၁.၆၀၈)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm